ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်

ညွှန်ကြားချက် (၇/၂၀၁၆)

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏ ငွေချေးသက်သေခံလက်မှတ်အကျိုးဆောင်လုပ်ငန်းအတွက် အကျိုးဆောင်ခများကောက်ခံရန်အမိန့်ကြော်ငြာစာကို တိကျစွာလိုက်နာရန်ကိစ္စ

၁၃၇၈ ခုနှစ်၊ နယုန်လဆုတ် (၃ ) ရက်

၂၀၁၆ ခုနှစ်၊ ဇွန်လ၂၃ ရက်

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၏အလုပ်ချိန်နှင့် ငွေချေးသက်သေခံလက်မှတ်အကျိုးဆောင်လုပ်ငန်းအတွက် အကျိုးဆောင်ခများသတ်မှတ်ခြင်းကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက် နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၅) ဖြင့်လည်းကောင်း၊ ၂၀၁၆ ခုနှစ် မေလ ၁၉ ရက်စွဲပါ ညွှန်ကြားချက် (၆/၂၀၁၆) ဖြင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများမှ အကျိုးဆောင်ခများ ပိုမိုကောက်ခံခြင်းမပြုရန် ညွှန်ကြားခဲ့ပါသည်။

၂။ သို့ရာတွင် အချို့ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် အကျိုးဆောင်ခကို နှုန်းထားအလိုက်ကောက်ခံသည့်အပြင် ရန်ကုန်စတော့အိပ်ချိန်း သို့ပေးဆောင်ရမည့် Trading Fees (Trading Volume ၏ ၀.၂%) ကိုပါ ထပ်ပေါင်းကောက်ခံနေကြောင်း သိရှိရပါသည်။

၃။ သို့ပါ၍ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများသည် ရန်ကုန်စတော့အိပ်ချိန်းသို့ ပေးဆောင်ရမည့် Trading Fees ဖြစ်သည့် Trading Volume ၏ ၀.၂% အား ဤညွှန်ကြားချက် ထုတ်ပြန်သည့်အချိန်မှစ၍ လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများထံမှ သီးခြားကောက်ခံခြင်းမပြုရန် ညွှန်ကြားပါသည်။

(မောင်မောင်ဝင်း)

ဥက္ကဋ္ဌ